# (၂၈) ကြိမ်မြောက် သာမန်တနင်္ဂနွေနေ့။

**ပထမကျမ်း။**

**"နာအာမန်သည် ဘုရားသခင်၏ သူတော်မြတ်ထံသို့ ပြန်သွား၍သခင်ဘုရားကို ယုံကြည်ဝန်ခံလေ၏။"**

***ဓမ္မရာဇဝင်စတုတ္ထစောင် - ၅၊ ၁၄ မှ ၁၇။***

ထိုကာလ၌ နာအာမန်သည် ဂျော်ဒန်မြစ်ထဲသို့ ဆင်း၍ ဘုရားသခင်၏ပရောဖက်အေလီဇေဦး၏မိန့် ကြားချက်အတိုင်းခုနှစ်ကြိမ်ဆေးကြောလေသည်။ သူ၏အသားသည်လည်း ကလေးသူငယ်၏အသားကဲ့သို့ ပြန်ဖြစ်လာ၍အနူရောဂါမှသန့်ရှင်းလေ၏။ ထို့နောက်သူသည် မိမိ၏အပေါင်းအဖော်အားလုံးတို့နှင့်ဘုရားသခင် ၏သူတော်မြတ်ထံသို့လာပြီးလျှင်သူ၏ရှေ့မှောက်၌ရပ်လျက် "အစ္စရေးလူမျိုးတစ်မျိုးတည်းမှလွဲ၍ ကမ္ဘာတစ်ဝှမ်း လုံးတွင်မည်သည့်အမျိုး၌မှ မှန်သောဘုရားမရှိကြောင်းကို ကျွန်ုပ်အမှတ်သိလိုက်ပါပြီ။ ထို့ကြောင့်ကိုယ်တော်၏ တပည့်ထံမှလျှုဖွယ်များကို လက်ခံတော်မူပါရန် ကျွန်ုပ်တောင်းလျှောက်ပါ၏" ဟုဆို၏။ သူကလည်း "ကျွန်ုပ် ကိုးကွယ်သောဘုရားသခင်သည် အသက်ရှင်တော်မူ၏။ သင်၏လှူဖွယ်များကိုကျွန်ုပ်လက်မခံပါ" ဟုပြန်ဖြေလေ သည်။ အတင်းအကြပ်ပြုသော်လည်း သူသည်လုံးဝလက်မခံဘဲနေလေ၏။ နာအာမန်ကလည်း ကိုယ်တော်၏ အလိုတော်အတိုင်းဖြစ်ပါစေ။ သို့သော်လားနှစ်ကောင်သယ်လောက်သောမြေကြီးကိုကိုယ်တော်၏တပည့် ကျွန်ုပ်အားပေးတော်မူပါ။ ကျွန်ုပ်တောင်းပန်ပါသည်။ အကြောင်းမူကား ကိုယ်တော်၏တပည့်သည် သခင်ဘုရား မှလွဲ၍အခြားသောဘုရားတို့အား မီးရှို့ရာယဇ်ဖြစ်စေအခြားပူဇော်ခြင်းများဖြစ်စေ၊ မပြုလုပ်တော့ပါဟုဆိုလေ၏။

*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဋ်တော်ပေတည်း။*

**ဆာလံသီချင်း ကျေးခြင်း**

**ဆာလံ - ၉၇၊**

သံပြိုင်။ သခင်ဘုရားသည်ကိုယ်တော်တိုင်ကယ်တင်တော်မူကြောင်းကိုအခြားအမျိုးသားတို့အားဖော်ပြ တော်မူ၏။ (သို့မဟုတ်) အာလေလူယား။

☐ ဘုရားသခင်အား သီချင်းသစ်ကို သီဆိုကြလော့။ အကြောင်းမူကားကိုယ်တော်သည် အံ့သြဖွယ်ရာများ ကိုပြုတော်မူပြီ။ ကိုယ်တော်၏ သန့်ရှင်းသောလက်ရုံးတော်ဖြင့်အောင်မြင်တော်မူပြီ။ (သံပြိုင်)

☐ ဘုရားသခင်သည် ကိုယ်တော်တိုင်ကယ်တင်တော်မူကြောင်းကို ထင်ရှားစေတော်မူ၍ ဖြောင့်မတ် တော်မူကြောင်းကို အခြားအမျိုးသားတို့အားဖော်ပြတော်မူပြီ။ (သံပြိုင်)

☐ ကိုယ်တော်သည် အစ္စရေးလူမျိုးတို့အပေါ်၌ မိမိထားတော်မူခဲ့သောကရုဏာတော်နှင့် သစ္စာတော် ကိုသတိရတော်မူပြီ။ (သံပြိုင်)

□ ကျွန်ုပ်တို့ဘုရားသခင်၏ ကယ်တင်တော်မူခြင်းကို ကမ္ဘာမြေကြီး
အစွန်းများမှပင်မြင်ကြရပြီ။ မြေကြီးသား အပေါင်းတို့ ဘုရားသခင်၌
ရွှင်လန်းခြင်းရှိကြလော့။ သီချင်းဆိုလျက်ချီးမွမ်းကြလော့။

**ဒုတိယကျမ်း။**

## "ကျွန်ုပ်တို့သည် ခရစ္စတူးသခင်နှင့်အတူ ခံထမ်းကြလျှင် ကိုယ်တော်နှင့်အတူ စိုးစံကြရလိမ့်မည်။"

***မှန်မြတ်သော တပည့်တော်ကြီး သံပေါလူး၊ တီမောတေထံရေးသောစာ။ ဒုတိယစောင်။ (၂၊ ၈ မှ ၁၃ ထိ)***

ချစ်သား၊

ကျွန်ုပ်ဟောပြောသော တရားတော်အတိုင်း ဒါဝိတ်အမျိုးအနွယ်မှ ဆင်းသက်သော ယေဇူးခရစ္စတူး သခင်သည် သေသူတို့အစုမှ ရှင်ပြန်ထမြောက်တော်မူသည့်အကြောင်းကို ပြန်၍သတိရလော့။ ထိုတရားတော် ကို ဟောပြောသောကြောင့် ကျွန်ုပ်သည် လူဆိုးကဲ့သို့ ထိတ်ခတ်ခံရသည့်တိုင်အောင် ဒုက္ခခံရသည်။ ဘုရားသခင် ၏ နှုတ်ပါတ်တရားတော်ကိုကား ထိတ်ခတ်ထား၍ မရချေ။ သို့ဖြစ်၍ ရွေးကောက်ခြင်းခံရသော သူတို့သည် ခရစ္စတူးသခင်အားဖြင့် ကယ်တင်ခြင်းကိုရ၍ ကောင်းကင်ဘုံ၏ စည်းစိမ်ချမ်းသာကို စံစားစေခြင်းငှာ ထိုသူတို့ အတွက် ဒုက္ခအပေါင်းတို့ကို ကျွန်ုပ်ခံထမ်းပါသည်။ စိတ်ချယုံကြည်အပ်သော စကားများဟူသော်ကား "ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ သေခဲ့ကြသည်မှန်လျှင် ကိုယ်တော်နှင့်အတူ ရှင်ပြန်ထမြောက်ကြရလိမ့်မည်။ ကိုယ်တော်နှင့်အတူ ခံထမ်းကြလျှင် ကိုယ်တော်နှင့်အတူ စိုးစံကြရလိမ့်မည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ငြင်းပယ်ကြလျှင် ကျွန်ုပ်တို့ကိုလည်း ငြင်းပယ်တော်မူလိမ့်မည်။ ကျွန်ုပ်တို့သည် သစ္စာမရှိစေကာမူ၊ ကိုယ်တော်သည် သစ္စာရှိတော်မူ၏။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည် မိမိကိုယ်ကို ငြင်းပယ်တော်မမူနိုင်သောကြောင့် ဖြစ်၏။" ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါတ်တော်ပေတည်း။

**အာလေလူယား (ပထမ သက်ဆာလိုနီ - ၅၊ ၁၈)**

အာလေလူယား၊ အရာခပ်သိမ်းတို့၌ ကျေးဇူးဆပ်တင်ကြလော့။ အကြောင်းမူကား ခရစ္စတူးသခင်အားဖြင့် သင် တို့အားလုံး ဤကဲ့သို့ဆောင်ရွက်ကြရန် ဘုရားသခင်အလိုရှိတော်မူသည်။
အာလေလူယား။

**ဧဝံဂေလိကျမ်း**

## "လူမျိုးကွဲသော ဤသူမှတစ်ပါး ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းအံ့သောငှာ ပြန်လာသောသူတစ်ယောက်မျှ မတွေ့"

***သံလူကားရေးထားသော သန့်ရှင်းသော ဧဝံဂေလိကျမ်း (၁၇၊ ၁၁ မှ ၁၉ ထိ)***

ထိုကာလ၌ ယေဇူးသည် ဂျေရုဇလိင်မြို့သို့ ကြွတော်မူစဉ်၊ ဆာမာရီနယ်နှင့် ဂါလီလေအာနယ် အလယ် သို့ ဖြတ်တော်မူ၍၊ ရွာတစ်ရွာသို့ ဝင်သည်ရှိသော်၊ နူနာစွဲသောလူတစ်ကျိပ်တို့သည် ကိုယ်တော်နှင့် တွေ့ကြုံကြ၍ အဝေးကရပ်နေကြလျက် ယေဇူးဆရာတော် ကျွန်ုပ်တို့ကိုသနားတော်မူပါဟု ကျယ်သောအသံဖြင့်ဆိုကြ၏။ သူတို့ ကိုမြင်တော်မူလျှင်၊ သွားကြလော့၊ သင်တို့ကိုယ်ကို ရဟန်းများအားပြကြလော့ဟု သူတို့အားမိန့်တော်မူ၏။ သူတို့သည်ကား သွားကြစဉ်တွင် စင်ကြယ်ခြင်းသို့ ရောက်ကြ၏။ ထိုသူတို့တွင် တစ်ယောက်သည်စင်ကြယ်ခြင်း သို့ မိမိရောက်သည်ကို မြင်လျှင်ပြန်လာ၍ ကြီးသောအသံနှင့် ဘုရားသခင်၏ ဂုဏ်တော်ကို မြှောက်စားလျက်၊ ခြေတော်ရင်း၌ ပျပ်ဝပ်လျက် ကျေးဇူးတင်လေ၏။ ဤသူသည် ဆာမာရီလူဖြစ်၏။ ယေဇူးကလည်း တစ်ကျိပ် သော သူတို့သည် စင်ကြယ်ခြင်းသို့ရောက်သည် မဟုတ်လော၊ ကိုးယောက်သော သူတို့သည် အဘယ်မှာရှိကြ သနည်း။ အမျိုးကွဲသော ဤသူမှတစ်ပါး ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းအံ့သောငှါ ပြန်လာသော သူတစ် ယောက်မျှမတွေ့ဟု ပြန်ပြော၍ မိန့်တော်မူပြီးမှ သူ့အားထ၍ သွားလော့၊ သင်၏ ယုံကြည်ခြင်းသည် သင့်ကို ကယ်တင်ပြီဟု မိန့်တော်မူ၏။

ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါတ်တော်ပေတည်း။